# တနင်္သာရီတိုင်းရှိ ကရင်လူမျိုးများမှ လက်ရှိ နိုင်ငံရေး၊ စစ်ရေးအခြေအနေများနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက် (အမှတ် - ၂)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကရင်လူမျိုးများမှ ကရင့်လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ဖြစ်ကြသည့် တပ်မဟာ (၄) နှင့် KTLA တို့အကြား လတ်တလော ဖြစ်ပေါ်လာသည့် တင်းမာမှုအပေါ် ငြိမ်းချမ်း သောနည်းဖြင့် ဆွေးနွေးအဖြေရှာကြရန် တိုက်တွန်းစာတစ်စောင်ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်၊ နေ့စွဲ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ဤစာကို ထုတ်ပြန်ပြီးသည့် နောက်ပိုင်းအခိုက်အတန့်ငြိမ်သက်သွားသော်လည်း ဖေဖော်ဝါရီလ (၁၅) ရက်နေ့မှ စ၍ထပ်မံပြီး ထိပ်တိုက်ပစ်ခတ်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရ၍ အင်မတန်မှ စိတ်ထိခိုက်မိသကဲ့သို့ နောက်ဆက်တွဲဖြစ်ပေါ်လာမည့်အခြေအနေများအပေါ်တွင်လည်း များစွာစိုးရိမ်မိပါသည်။

၂။ ယနေ့အချိန်အခါတွင် ကရင်တမျိုးသားလုံးနှင့် မြန်မာတနိုင်ငံလုံး၏ ဘုံရန်သူကို အဓိက ပစ်မှတ်ထားရမည့် အချိန်တွင် မိမိကရင်လူမျိုးအချင်းချင်းတိုက်ခိုက်မှုဖြစ်ပေါ်ခြင်းကြောင့် အင်မတန်မှ ဝမ်းနည်းမိပါသည်။

၃။ ဖေဖော်ဝါရီလဆန်း အပတ်တွင် KNU ဗဟိုမှ တပ်မဟာ (၄) တပ်မဟာမှူးတာဝန်ကို ယူမည့် ဗိုလ်မှူးချုပ် စောလေးမူး အားစေလွှတ်ခဲ့ကြောင်းကြားသိရပါသည်။ ထို့ကြောင့်၊ ဗိုလ်မှူးချုပ်စောလေးမူး အနေဖြင့် ကရင့် လက်နက်ကိုင်အဖွဲ့များ အကြား ပြန်လည်စေ့စပ်နိုင်မည့်လမ်းကြောင်းကို အမြန်ဆုံးရှာဖွေပြီး ထိပ်တိုက်ရင်ဆိုင်မှု များ နောင်တွင်မပေါ် ပေါက်လာစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် အလေးထားဆောင်ရွက်ပေးပါရန်၊ တနင်္သာရီတိုင်းအတွင်းရှိ ကရင်အမျိုးသားများမှ တိုက်တွန်းလိုပါသည်။

၄။ KTLA နှင့် KNLA ဘက်မှ အမြင့်ဆုံးတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် တွေ့ဆုံဆွေးနွေးမည့်နည်းလမ်းဖြင့် အမြန်ဆုံးအဖြေရှာကြပါရန် အလေးထားတိုက်တွန်းလိုပါသည်။

၅။ မိမိတို့ကရင်အမျိုးသားပြည်သူလူထုအနေဖြင့်လည်း မည်သည့်ကရင့်လက်နက်ကိုင်အဖွဲ့အစည်းကိုမဆို ရန် လိုသောစိတ်၊ အနိုင်အထက်စီးနင်းလိုသောစိတ်၊ ကရင်အမျိုးသားများနှင့် မြန်မာပြည်သူများအားလုံး၏အကျိုး ကိုလစ်လျူရှုပြီး **မိမိပုဂ္ဂလိကနှင့် သက်ဆိုင်ရာအဖွဲ့ငယ်များ၏အကျိုးစီးပွား**ကိုသာ ကြည့်ရှုသောခေါင်းဆောင် များကိုလည်း **ပြင်းပြင်းထန်ထန်** ရှုံ့ချပါကြောင်းအသိပေးလိုပါသည်။

တနင်္သာရီတိုင်းရှိ ကရင်ပြည်သူလူထုများ

## ထောက်ခံပါဝင်သည့်အဖွဲ့အစည်းများ

1. Back Pack Health Workers Team (BPHWT)
2. Burma Medial Association (BMA)
3. Calgary Karen Community Association (CKCA)
4. Edmonton Karen Community Youth Organization (EKCYO)
5. Harmony Youth Association (HYA)
6. Karen Women Organization (KWO)
7. Karen Rivers Watch (KRW)
8. Karen Environmental and Social Action Network (KESAN)
9. Karen Peace Support Network (KPSN)
10. Karen Organization of America (KOA)
11. Karen Community of Utica New York (USA)
12. Karen Student Network Group (KSNG)
13. Karen Teacher Working Group (KTWG)
14. Karen Association of Huron, SD, USA (KAH)
15. Karen Community of Akron, OH, USA (KCA)
16. Karen Community of Kansas City, KS & MO, USA (KCKS)
17. Karen Community of Minnesota, MN, USA (KCM)
18. Karen Community of Rock Island, IL, USA (KCRI)
19. Karen American Association of Wisconsin, Milwaukee, WI, USA (KAAW)
20. International Karen Organization (IKO)
21. Karen Community of Canada (KCC)
22. Karen Community Society of British Columbia (KCSBC)
23. Karen Community of Lethbridge (KCL)
24. Karen Community of Regina (KCR)
25. Karen Community of Saskatoon (KCS)
26. Karen Community of Winnipeg KCW)
27. Karen Community of Thunderbay (KCT)
28. Karen Community of Toronto (KCT)
29. Karen Community of Kitchener & Waterloo (KCKW)
30. Karen Community of Hamilton (KCH)
31. Karen Community of London (KCL)
32. Karen Community of Windsor (KCW)
33. Karen Community of Leamington (KCL)
34. Karen Youth of Toronto (KYT)
35. Karen Community of Ottawa(KCO)
36. Karen Youth of Norway (KCN)
37. Karen Community of Ireland (KCI)
38. Karen Community of Israel (KCI)
39. Karen Community of Finland (KCF)

40. Karen Community of Czech Republic (KCCR)
41. Korea Karen Organization (KKO)
42. Korea Karen Youth Organization (KKYO)
43. Karen Youth Organization (KYO)
44. Karen Thai Group (KTG)
45. Karen Youth Networks (KYN)
46. Oversea Karen Organization Japan (OKOJ)